မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

December 6 , 2024 Volume 85 , Number 5


၆.၁၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၄.၁၄ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၈.၀၄ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၅.၁၉ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၄.၄၀ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၀၇ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၇၉၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၆၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၃၆ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၅၅ ကျပ် |

## တနင်္သာရီတိုင်းဒေသကြီးအတွင်း နှစ်ရှည်ဆီထွက်သီးနှံ ဆီအုန်း ဧက ၄ သိန်းကျော် စိုက်ပျိုးထား



တနင်္သာရီတိုင်းဒေသကြီးအတွင်း နှစ်ရှည်ဆီထွက်သီးနှံ ဆီအုန်းကိုအဓိကထားစိုက်ပျိုးလျက်ရှိပြီးစိုက်ဧကအနေဖြင့် ၄ သိန်းကျော်ရှိပြီဖြစ်ကြောင်းမြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ဆီအုန်းသည် နှစ်ရှည်သီးနှံဖြစ်၍ နှစ်ပေါင်း ၃၀ အတွင်း စီးပွားဖြစ်ထုတ်လုပ်နိုင်ပြီး မြန်မာနိုင်ငံတွင် ဆီအုန်းကို ပြည်နယ်နှင့်တိုင်းဒေသကြီးများအနက် တနင်္သာရီတိုင်းဒေသကြီးတစ်ခုတည်းတွင်သာ စိုက်ပျိုးဖြစ်ထွန်းကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ဧကအနေဖြင့် တစ်တိုင်းလုံးတွင်၂၀၂၄ ခုနှစ် အောက်တိုဘာလကုန်အထိ ၃၉၅,၇၇၂ ဧကရှိပြီး မြိတ်ခရိုင်အတွင်းမှာ ၆၁,၀၃၈ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ဧကပေါင်း ၃၉၅,၇၇၂ ဧကရှိပြီး ဆီကြိတ်စက်ရုံများမှာထားဝယ်ခရိုင်တွင် ၁ ခု၊ မြိတ်ခရိုင်တွင် ၁ ခု၊ဘုတ်ပြင်းခရိုင်တွင် ၂ ခု နှင့် ကော့သောင်းခရိုင်တွင် ၂ ခု စုစုပေါင်း ဆီကြိတ်စက်ရုံ ၆ ခုသာရှိကြောင်း သိရသည်။

ယခုလက်ရှိတွင် ဆီကြိတ်စက်ရုံများသာရှိပြီးဆီချောထုတ်လုပ်နိုင်သည့်စက်ရုံမရှိသေးသည့်အတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် စားသုံးဆီရရှိရန် ဆီချောစက်ရုံတစ်ခုကို တနင်္သာရီတိုင်းဒေသကြီးတွင် တည်ဆောက်ရန်စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**Source: Popular News Journal**


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မကွေးတွင် မြေပဲဆီနှင့်နှမ်းဆီဈေးများ ကျဆင်း




မကွေးမြို့တွင်မြေပဲဆီနှင့်နှမ်းဆီဈေးနှုန်းတွေဟာ အရင်နှစ်ကထက် ကျဆင်းလာတယ်လို့ မကွေးမြို့က ဆီစက်လုပ်ငန်းရှင်များက ပြောသည်။

ဒီနှစ်မှာ ဆီကုန်ကြမ်းတွေဖြစ်တဲ့ မြေပဲနဲ့နှမ်းတွေပြည်ပကို တင်ပို့မှု သိပ်မရှိတာကြောင့် ကုန်ကြမ်းပေါများပြီး ဆီဈေးကျလာတာဖြစ်တယ်လို့ ဆိုပါတယ်။

လက်ရှိမှာ မြေပဲဆီတစ်ပိဿာကို ကျပ်တစ်သောင်းခွဲကနေ ကျပ်တစ်သောင်းခုနှစ်ထောင်ဝန်းကျင်ရှိပြီးအရင်နှစ်ကတစ်ပိဿာကိုကျပ်နှစ်သောင်းဝန်းကျင်ထိ ရှိပါတယ်။

စားအုန်းဆီရည်ညွှန်းဈေးတွေက မြင့်တက်နေပြီး ပဲဆီဈေးကကျနေတာကြောင့် ပဲဆီစားသုံးသူတွေ မြင့်တက်လာတယ်လို့ ဆီစက်ပိုင်ရှင်တစ်ဦးက ပြောပါတယ်။

မကွေးတိုင်းဒေသကြီးဟာ မြန်မာနိုင်ငံမှာဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ ၊ နှမ်း နဲ့နေကြာစိုက်ဧက ၁၃ သိန်းကျော်ကို အထူးဇုန် ၂ ဇုန်ခွဲပြီး စိုက်ပျိုးထားတယ်လို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က သိရပါတယ်။

Source : https://htwettoe.com/

## ဓနုဖြူမြို့နယ်၌ အုန်းသီးများ စတင်ထွက်ပေါ်၍ ဈေးကောင်းရ



ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီးသီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာအုန်းပင်များကိုလည်း စိုက်ဧက ၁,၀၁၀ ခန့် စိုက်ပျိုးထားရှိပြီး ယခုအချိန်တွင်ဧက ၇၀၀ ခန့်မှအုန်းသီးများစတင်ထွက်ရှိကြောင်း သိရသည်။

အုန်းပျိုးပင် တစ်ပင်လျှင် ငွေကျပ် ၃၅၀၀ ဖြင့် ဝယ်ယူ၍ တစ်ဧကလျှင် အုန်းပင်၂၀၀ ပင်ခန့် စိုက်ပျိုးရပြီးစတင်စိုက်ပျိုးချိန်တွင်သွင်းအားစု၊လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၀ သိန်းခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး ၃ နှစ်သားအရွယ်တွင် အုန်းသီးများစတင်ခူးဆွတ်နိုင်ကြောင်း၊ တစ်လလျှင် တစ်ကြိမ် ခူးဆွတ်နိုင်ပြီး အုန်းသီးအလုံးရေ ၇၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် အုန်းသီးတစ်လုံးလျှင် လက်ကားဈေး ငွေကျပ် ၂၀၀၀ ၊ လက်လီဈေး ငွေကျပ် ၂၅၀၀ ဖြင့် ရောင်းချရသည့်အတွက် လက်လီဈေး ငွေကျပ် ၂၅၀၀ ဖြင့် တွက်ချက်ပါက တစ်လလျှင် ငွေကျပ် ၄ သိန်းခန့်အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဓနုဖြူမြို့နယ် အတွင်း အုန်းခြစ်လုပ်ငန်း၊ အုန်းညှစ်လုပ်ငန်းများသို့ ရောင်းချမှုအပြင်ရန်ကုန်မြို့သို့တင်ပို့ရောင်းချကြောင်း၊ ဓနုဖြူမြို့နယ်ထွက်အုန်းသီးများ ဈေးနှုန်းကောင်းမွန်ခြင်း၊ ဝယ်ယူမှုများပြားခြင်းကြောင့် အုန်းပင်စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source : ကြေးမုံသတင်းစာ**

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ငှက်ပျောဈေးကွက်ကောင်းမွန်သဖြင့် စိုက်ပျိုးသူများ အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီးပွင့်ဖြူမြို့နယ်၌ငှက်ပျောဈေးကွက်ကောင်းမွန်သဖြင့် ငှက်ပျောစိုက်ပျိုးသူများသီးနှံဝင်ငွေအကျိုးအမြတ်ရရှိ၍ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

“ပွင့်ဖြူမြို့နယ်ဒေသခံတောင်သူတွေက စိုက်ပျိုးရေးအဆင်ပြေတဲ့အတွက် သီးနှံဝင်ငွေတိုးပွားအောင်ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းကိုစီးပွားဖြစ်လုပ်ကိုင်ကြတယ်။ တောင်သူအများစုကဈေးကွက်အခြေအနေပေါ်မူတည်ပြီး ရေမြေဒေသနဲ့ကိုက်ညီတဲ့ငှက်ပျောတွေကို ရွေးချယ်စိုက်ပျိုးကြပါတယ်။ အဓိကစိုက်ပျိုးတဲ့ငှက်ပျောကတော့ ဖီးကြမ်းငှက်ပျော၊ ငှက်ပျောချဉ်၊ ရခိုင်ငှက်ပျော၊ သီးမွှေးငှက်ပျောတို့ကို စိုက်ပျိုးကြတယ်။ ဖီးကြမ်းငှက်ပျောက လူကြိုက်များလို့ အရောင်းသွက်ပြီး ဈေးပိုရတဲ့အတွက် တောင်သူအများစုက တခြားငှက်ပျောတွေထက်ပိုပြီးစိုက်ပျိုးကြတယ်။ ဒီနှစ်ငှက်ပျောဈေးကွက်ကလည်း ပြန်ကောင်းလာတော့ ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းကအဆင်ပြေတယ်။”ဟုပွင့်ဖြူမြို့နယ်ညောင်ပင်စောက်ကျေးရွာမှဖီးကြမ်းငှက်ပျောစိုက်ပျိုးသည့်ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မုန်းချောင်းရေနှင့်မြေအောက်ရေကို စနစ်တကျအသုံးပြုပြီး သီးနှံဝင်ငွေတိုးပွားရေးအတွက် ဒေသနှင့်ကိုက်ညီသည့် ဖီးကြမ်းငှက်ပျော ၊ ငှက်ပျောချဉ် ၊ သီးမွှေးငှက်ပျော ၊ ရခိုင်ငှက်ပျောတို့ကို တစ်နှစ်ပတ်လုံး စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊စိုက်ပျိုးထွက်ရှိသော ငှက်ပျောများကိုခြံအထိ လာရောက်ဝယ်ယူကြသည့် သီးနှံကုန်သည်များနှင့် လက်လီ၊လက်ကားဝယ်ယူသူများအားဖြန့်ဖြူးရောင်းချပေးသကဲ့သို့ မင်းဘူး၊ မကွေး၊ရန်ကုန်၊ မန္တလေးမြို့တို့သို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## သဃ်ာန်းကျွန်းမြို့နယ်၌ ကြက်ဥနှင့်ကြက်သားများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး



မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ သဃ်ာန်းကျွန်းမြို့နယ် လေးထောင့်ကန်ဈေး စံပြရပ်ကွက်နှင့် သုဝဏ္ဏ ၂၅ ရပ်ကွက်တို့တွင် ကြက်ဥနှင့်ကြက်သားများကို သက်သာသောဈေးနှုန်းဖြင့် ဒီဇင်ဘာ ၅ ရက်နေ့နံနက်ပိုင်းက ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာတွင် MRC ကြက်ဥဒိုင် မွေးမြူရေးလုပ်ငန်းစုမှ ကြက်ဥအလုံး ၁၁,၀၀၀အား တစ်လုံးလျှင် ၃၆၅ ကျပ်ဖြင့် လူတစ်ဦးလျှင် ကြက်ဥ ၁၀ လုံးနှုန်းဖြင့်လည်းကောင်း၊ Fresh Egg ကြက်ဥအရောင်းဆိုင်မှ ကြက်ဥ အလုံး ၁၀,၅၀၀ အား တစ်လုံးလျှင် ငွေကျပ် ၃၇၀ ဖြင့် လူတစ်ဦးလျှင် ကြက်ဥ ၁၀ လုံးနှုန်းဖြင့်လည်းကောင်း၊ PPA ကြက်သားအရောင်းဒိုင်မှ ကြက်သား တစ်ပိဿာလျှင် ငွေကျပ် ၁၄,၀၀၀နှုန်း ဖြင့်လည်းကောင်း ရောင်းချပေးခဲ့ကြောင်းသိရသည်။

**Source : ကြေးမုံသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဓနိချပ်ရေ ၇၅၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်မှရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဓနိချပ်ရေ ၇၅၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးကပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ဓနိချပ်ရေ ၄၅၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလ ၁ ရက်မှ ၃၀ ရက်ထိ ဓနိချပ်ရေ ၇၅၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ဖျာပုံမြို့နယ်သည် ဓနိထွက်သောဒေသဖြစ်ပြီးထွက်ရှိလာသည့်ဓနိများကိုဒေသဈေးကွက်အပြင်ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချနေကြောင်းသိရသည်။

"ဖျာပုံမြို့နယ်က တောင်သူတွေကစပါးအပြင် ဓနိနဲ့အခြားသီးနှံတွေကိုစိုက်ပျိုးထုတ်လုပ်ပါတယ်။ ဓနိစိုက်ပျိုးရေးလုပ်ငန်းကတော့ ဒေသခံတွေအတွက် စီးပွားရေးလုပ်ငန်း တစ်ခုထဲမှာအပါအဝင်ဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်က ဓနိဝယ်ယူမှုကောင်း ခဲ့ပါတယ်။ အခုလို ဝယ်ယူမှုကောင်းခဲ့တဲ့အတွက် ဒေသခံဓနိစိုက်ပျိုးသူတွေ၊ ဓနိထိုးလုပ်သားတွေ အလုပ်အကိုင်အခွင့်အလမ်းပိုမိုကောင်းမွန်နေတာကို တွေ့ရပါတယ်" ဟု ဖျာပုံမြို့နယ် ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် တစ်ဦးကပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချခဲ့သည့် ဓနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၁၈,၅၀၀ ထိဈေးပေါက်နေကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ကန်စွန်းဥများဝယ်ယူအားကောင်းပြီးအရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ်လယ်ယာထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် တစ်ဦးကပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် နိုဝင်ဘာလ ဒုတိယပတ်မှစတင်ပြီး ဒေသထွက်ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေပြီး ကန်စွန်းဥတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိ ဈေးပေါက်နေကြောင်းသိရသည်။

"ကန်စွန်းဥ အမျိုးအစားမှာ မြန်မာကန်စွန်းဥနဲ့ ကိုရီးယားကန်စွန်းဥဆိုပြီး အမျိုးအစားနှစ်မျိုး ရှိပါတယ်။ ဒီဘက်ဒေသမှာ ကန်စွန်းဥအမျိုးအစားနှစ်မျိုးစလုံးကို စိုက်ပျိုးတာတွေ့ရပါတယ်။လက်ရှိတောင်သူတွေစိုက်ထားတဲ့ကန်စွန်းဥတွေကတော့ စတင်ပေါ်နေပြီ ဖြစ်ပါတယ်။ အခုလို ကန်စွန်းဥတွေ အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်ပျိုးတဲ့ တောင်သူတွေအဆင်ပြေလာတာတွေ့ရပါတယ်။ ဒီနှစ်ကန်စွန်းဥကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်ကောင်းနေတာဖြစ်ပါတယ်" ဟု ၎င်းကပြောပြသည်။

ကျိုက်လတ်မြို့နယ်ရှိ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ယှဉ်တွဲပြီး ကန်စွန်းဥအပါအဝင် အခြားရာသီပေါ်သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ကန်စွန်းဥကို တောင်သူတစ်ဦးလျှင် တစ်ကေမှ ငါးကေ စသည်ဖြင့် စိုက်ပျိုးကြပြီး ကန်စွန်းဥတစ်ကေစိုက်ပျိုးပါက ငွေကျပ် ၃၅၀,၀၀၀ ကုန်ကျကာအကျိုးအမြတ်အနေဖြင့်အပျက်အစီးမရှိပါကငွေကျပ် ၉၀၀,၀၀၀ ကျော်ထိ ရရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဆယ်စုနှစ်များစွာရပ်တန့်ခဲ့သည့် ပါကစ္စတန်- ဘင်္ဂလားဒေ့ရှ် တိုက်ရိုက်သင်္ဘောလမ်းကြောင်းကုန်သွယ်မှု ပြန်လည်စတင်

ဆယ်စုနှစ်များစွာ ရပ်တန့်ခဲ့သည့် ပါကစ္စတန်-ဘင်္ဂလားဒေ့ရှ် တိုက်ရိုက်သင်္ဘောလမ်းကြောင်းကို ပြန်လည်စတင်နေပြီဖြစ်ကြောင်း ၊ ၁၈၂ မီတာ ၅၉၇ ပေ ရှည် ပနားမားအလံပြ Yuan Xiang Fa Zhan အမည်ရှိကွန်တိန်နာသင်္ဘောသည် ဘင်္ဂလား

ဒေ့ရှ်နိုင်ငံ၊ စစ်တကောင်းဆိပ်ကမ်းမှ ပါကစ္စတန်နိုင်ငံ ကရာချီဆိပ်ကမ်းသို့ ကုန်စည်များသယ်ဆောင်ရန် နိုဝင်ဘာ ၁၁ ရက်နေ့က ထွက်ခွာသွားပြီဖြစ်ကြောင်း နှစ်ဖက်ဆိပ်ကမ်းတာဝန်ခံများကပြောကြားခဲ့သည်။

ပါကစ္စတန် - ဘင်္ဂလားဒေ့ရှ် တိုက်ရိုက်သင်္ဘောလမ်းကြောင်းသည် ဒေသတွင်းကုန်သွယ်မှုမြှင့်တင်ရန် အဓိကခြေလှမ်းဖြစ်ကာ နှစ်ဖက် စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းသစ်များဖန်တီးပေးမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်ဆိုင်ရာပါကစ္စတန်၊ အထူးသံတမန် (Syed Ahmed Maroof )က ဆိုရှယ်မီဒီယာတွင် ရေးသားခဲ့သည်။

အဆိုပါ သင်္ဘောသည် ဘင်္ဂလားဒေ့ရှ်၏အထည်ချုပ်လုပ်ငန်းနှင့် အခြေခံစားသောက်ကုန်များအတွက် ကုန်ကြမ်းများအပါအဝင် ပါကစ္စတန်နှင့်ယူအေအီးနိုင်ငံတို့မှ ကုန်ပစ္စည်းများကို တင်ဆောင်လာသည်ဟုစစ်တကောင်းဆိပ်ကမ်းအာဏာပိုင်များက ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်သည်ကာလကြာရှည်ကျင့်သုံးခဲ့သောစစ်ဆေးမှုများနှင့်ပါကစ္စတန်၏ကုန်ပစ္စည်းများ တင်သွင်းခွင့်ကန့်သတ်ချက်များကို စက်တင်ဘာလတွင် ဖြေလျှော့ပေးခဲ့သည်။

ပါကစ္စတန်သည် ဘင်္ဂလားဒေ့ရှ်နှင့် ကုန်သွယ်မှုမစခင်တွင် သီရိလင်္ကာ၊ မလေးရှား၊ စင်္ကာပူတို့နှင့် ကုန်သွယ်မှုများရှိခဲ့သည်။

**Source: South China Morning Post**

https://commerce.gov.mm/my/article/update-news-international-trade/31955

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ငါးလုပ်ငန်းအထောက်အပံ့ဆိုင်ရာ သဘောတူညီချက်ကို ကော်စတာရီကာနိုင်ငံမှ သဘောတူလက်ခံခဲ့ခြင်း

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ငါးလုပ်ငန်းအထောက်အပံ့ဆိုင်ရာ သဘောတူညီချက်ကို ကော်စတာရီကာက လက်ခံကြောင်း အကြောင်းကြားစာအား သံအမတ်ကြီး Ronald Saborío Soto မှ ညွှန်ကြားရေးမှူးချုပ် OkonjoIweala ထံသို့ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်နေ့တွင် ပေးအပ်ခဲ့ပါသည်။

ကော်စတာရီကာ၏ လက်ခံမှုအပေါ် ညွှန်ကြားရေးမှူးချုပ် Okonjo Iweala မှ ကော်စတာရီကာသည် အဏ္ဏဝါထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်မြှင့်ရန်နှင့်ရေရှည်တည်တံ့သောစီးပွားရေးအလေ့အထများအားပေးရန်လမ်းကြောင်းတွင် နမူနာကောင်းတစ်ခုဖြစ်ကြောင်း၊ WTO ၏ကျန်အဖွဲ့ဝင်များလည်း ကော်စတာရီကာကဲ့သို့ လိုက်ပါဆောင်ရွက်ခြင်းဖြင့် သဘောတူညီချက်အသက်ဝင်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သံအမတ်ကြီး Saborío က ကော်စတာရီကာအနေဖြင့် ငါးလုပ်ငန်း အထောက်အပံ့ဆိုင်ရာသဘောတူညီချက်သည် ကမ္ဘာ့ငါးသယံဇာတများရေရှည်တည်တံ့ရေး အထောက်အကူပြုမည်ဟုယုံကြည်သောကြောင့် အခြားအဖွဲ့ဝင်များကိုလည်းသဘောတူညီချက်အမြန်ဆုံး အသက်ဝင်ရန် လက်ခံစေလိုပါကြောင်း ပြောကြားခဲ့သည်။

ကော်စတာရီကာအပါအဝင်ငါးလုပ်ငန်းအထောက်အပံ့ဆိုင်ရာသဘောတူညီချက်ကိုလက်ခံသည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံပေါင်း ၈၇ နိုင်ငံရှိပြီး ဖြစ်ပါသည်။

သဘောတူညီချက် စတင်ကျင့်သုံးရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံအားလုံး၏ သုံးပုံနှစ်ပုံပါဝင်ရန်လိုအပ်ရာ နောက်ထပ်နိုင်ငံပေါင်း ၂၄ နိုင်ငံမှ လက်ခံရန် လိုအပ်နေပါသည်။

၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ဂျီနီဗာတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ၁၂ ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံ MC12 တွင် တူညီဆန္ဒဖြင့် သဘောတူညီခဲ့သည့် ငါးလုပ်ငန်းအထောက်အပံ့ဆိုင်ရာ သဘောတူညီချက်သည် ကမ္ဘာတဝှမ်း ငါးလျော့နည်းလာစေသည့်အထောက်အပံ့များမပေးရေးအတွက်ကဏ္ဍစုံစည်းမျဉ်းသစ်များ ပါဝင်ပါသည်။

အဆိုပါသဘောတူညီချက်၏တာဝန်များကို လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဖွံ့ဖြိုးဆဲနှင့်ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများ LDCs ၏လိုအပ်ချက်များကိုအသိအမှတ်ပြု၍ နည်းပညာဆိုင်ရာအကူအညီထောက်ပံ့ပေးရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရန် ရန်ပုံငွေတစ်ရပ်ထူထောင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါသဘောတူညီချက်တွင် တရားမဝင်၊ စာရင်းမှတ်ထားခြင်းမရှိ၊ ဥပဒေအရထိန်းကျောင်းခြင်းမရှိသည့် ငါးဖမ်းခြင်းများအတွက် အထောက်အပံ့များကိုတားမြစ်ခြင်း၊ ငါးလျော့နည်းလာစေသည့် အလွန်အကျွံငါးဖမ်းမှုကိုတားမြစ်ခြင်းနှင့် ကမ်းဝေးပင်လယ်ပြင်တွင် စည်းကမ်းလိုက်နာမှုမရှိသော ငါးဖမ်းခြင်းအတွက် အထောက်အပံ့များကို အဆုံးသတ်စေခြင်း တို့ပါဝင်သည်။

အဖွဲ့ဝင်များသည် အထူး ကိစ္စရပ်များကို ဆက်လက်ညှိနှိုင်းရန်နှင့် ပိုမိုတိုးတက်ကောင်းမွန်စေမည့် နောက်ထပ်ပြဋ္ဌာန်းချက်များချမှတ်ရန်လည်း MC12 တွင် သဘောတူညီခဲ့ကြသည်။

**Source : ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့**

https://commerce.gov.mm/my/article/update-news-international-trade/31947

## ယခုနှစ်ဇူလိုင်မှအောက်တိုဘာလအတွင်း ဘင်္ဂလားဒေ့ရှ်၏ သားရေဖိနပ်တင်ပို့မှုသည် ၅ နှစ်တာ ကာလ၏ အမြင့်ဆုံးပမာဏဖြစ်

ဘင်္ဂလားဒေ့ရှ်သည် ယခုနှစ် ဇူလိုင်လမှအောက်တိုဘာလအတွင်း အမေရိကန်၊ ဂျပန်နှင့် ဥရောပသမဂ္ဂဈေးကွက်များသို့ သားရေဖိနပ်များတင်ပို့ရာတွင် ၅ နှစ်တာကာလ၏ အမြင့်ဆုံးပမာဏကိုတင်ပို့ခဲ့ကြောင်း၊ အထည်ချုပ်ကဏ္ဍပြီးနောက် ဘင်္ဂလားဒေ့ရှ် ၏ဒုတိယအများဆုံးနိုင်ငံခြားပို့ကုန်ဝင်ငွေရရှိသည့် ဖိနပ်လုပ်ငန်းသည်ယခုနှစ် ဇူလိုင်လမှအောက်တိုဘာလအတွင်း ဒေါ်လာ ၂၂၈ ဒသမ ၄၇သန်း ရရှိကာပြီးခဲ့သည့်နှစ်ကာလတူထက် ၉ ရာခိုင်နှုန်း တိုးလာကြောင်း၊ အချို့ဈေးကွက်များတွင် စီးပွားရေးနှေးကွေးနေသော်လည်း ဘင်္ဂလားဒေ့ရှ်၏အလုပ်သမားစရိတ်ချိုသာမှုကြောင့် "Made in Bangladesh" ဖိနပ်များသည်လူတိုင်းဝယ်ယူနိုင်သဖြင့် အမှာစာများ တိုးမြှင့်ရရှိနေခြင်းဖြစ်ကြောင်း ပို့ကုန်မြှင့်တင်ရေးဗျူရိုမှ သိရသည်။

ပြည်တွင်း၌ ထုတ်လုပ်တင်ပို့သူ Jennys Shoes ၏ ဥက္ကဋ္ဌနှင့် မန်နေဂျင်းဒါရိုက်တာ Nasir Khan က ကပ်ရောဂါဖြစ်ပွားပြီးနောက် သားရေဖိနပ်လုပ်ငန်းသည် ကပ်ရောဂါမတိုင်မီ ပို့ကုန်လမ်းကြောင်းသို့ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း၊ ပြည်တွင်းဖိနပ်လုပ်ငန်းများသည် ၅၀ ရာခိုင်နှုန်းတန်ဖိုးမြှင့်ထုတ်ကုန်ပြုလုပ်နိုင်သဖြင့် ပို့ကုန်အမည်ထပ်တိုးနိုင်ကြောင်း ပြောကြားခဲ့သည်။

Akij Footwear Limited ၏ မန်နေဂျာ (Prottoy Parvej) က တရုတ်နိုင်ငံတွင် ထုတ်လုပ်မှုစရိတ်မြင့်လာခြင်းကြောင့် ဘင်္ဂလားဒေ့ရှ်သို့ ပြောင်းရွှေ့မှာယူမှုများရှိခဲ့ကြောင်း၊ ဥရောပ၊ မြောက်အမေရိကနှင့် ဂျပန်တို့မှ နာမည်ကြီးဝယ်ယူသူများသည် ဘင်္ဂလားဒေ့ရှ် သားရေဖိနပ်ထုတ်လုပ်သူများထံ ဆက်သွယ်လာသဖြင့်လာမည့်နှစ်တွင်လည်းအမှာစာတိုးလာနိုင်ကြောင်း၊ ပို့ကုန်တင်ပို့သူများအတွက် ငွေကြေးမက်လုံးထက်ကုန်ချောတင်ပို့မှုနှင့် ကုန်ကြမ်းတင်သွင်းမှုတို့တွင်ရှုပ်ထွေးသောအကောက်ခွန်လုပ်ငန်းများ မလုပ်ကိုင်လိုကြောင်း ပြောကြားခဲ့သည်။

Apex Adelchi ၊ Jennys Shoes နှင့် Bay စသည့်ဘင်္ဂလားဒေ့ရှ်ဖိနပ်ကုမ္ပဏီ ၆၀ ခန့်သည် ဂျပန်၊ ဥရောပနှင့် အမေရိကန်တို့သို့ အဓိကတင်ပို့နေကာ နိုင်ငံတကာစာရင်းအင်းများအရ ဘင်္ဂလားဒေ့ရှ်သည် ၂၀၂၄ ခုနှစ်တွင်ဖိနပ်တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၃ ဘီလီယံအထိ ရောက်ရှိနိုင်ကြောင်း၊ ၂၀၂၄ ခုနှစ်မှ ၂၀၂၈ အထိ နှစ်စဉ် ဈေးကွက် တိုးတက်မှုနှုန်းသည် ၅ ဒသမ ၆၆ ရာခိုင်နှုန်း ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။

**Source: The Daily Star**

https://commerce.gov.mm/my/article/update-news-international-trade/31948

## EV ကဏ္ဍသည်ကမ္ဘောဒီးယားနိုင်ငံတွင် အလားအလာမြင့်မား

EVs နှင့် EV Showcase များ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအမျိုးသားမဟာဗျူဟာ ဥပဒေရေးဆွဲရေးဆိုင်ရာနည်းပညာကော်မတီ တတိယအကြိမ်မြောက်အစည်းအဝေးတွင် လျှပ်စစ်မော်တော်ကား (EV) ကဏ္ဍကိုသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အများပြည်သူသက်သာချောင်ချိရေး မြှင့်တင်ပေးရုံသာမက စီးပွားရေးကွဲပြားမှုနှင့်စွမ်းအင်လုံခြုံရေးမြှင့်တင်မှုတို့တွင် ပံ့ပိုးပေးနိုင်သည့် အလားအလာတစ်ခုအဖြစ် ပြည်သူ့လုပ်ငန်းနှင့်ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Peng Ponea က သတ်မှတ်ပြောကြားခဲ့သည်။

ဝန်ကြီးက လောင်စာစွမ်းအင်သုံးယာဉ်များမှဒေသတွင်းနှင့် ကမ္ဘာတစ်ဝှမ်းတွင်လေထုအရည်အသွေးကျဆင်းမှုနှင့် ကမ္ဘာ့ပတ်ဝန်းကျင် ညစ်ညမ်းမှုတို့ကိုဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုများတိုးလာကာ ကမ္ဘာကြီးပူနွေးလာမှုကိုဖြစ်စေသည့်အချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

EV Showcase 2024 သည် ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် စွမ်းအင်ဓာတ်ခွဲခန်းတို့ အကြားဒုတိယအကြိမ်မြောက်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကမ္ဘောဒီးယားတော်ဝင်အစိုးရ(RGC) ၏ EVမူဝါဒကိုပြသရန်နှင့်ကမ္ဘောဒီးယားရှိစွမ်းအင်ကဏ္ဍကို ပြုပြင်ပြောင်းလဲမှုများအပေါ် သက်ဆိုင်သူများနားလည်မှု တိုးပွားစေရန်ရည်ရွယ်ထားသည်။

နိုင်ငံတော်တွင်ရေပန်း အစားဆုံး EV အမှတ်တံဆိပ် ၃ ခုမှာ တရုတ်မှ BYD ၊ ဂျပန်မှ Toyota နှင့် အမေရိကန်မှ Tesla တို့ဖြစ်သည်။

လက်ရှိတွင် EV အားသွင်းစခန်းများကို နိုင်ငံအတွင်းရှိနေရာ ၁၈ ခုတွင် ဖွင့်လှစ်ထားသည်။

ကမ္ဘောဒီးယားအစိုးရသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုကိုလျှော့ချရန်အတွက် ၂၀၅၀ပြည့်နှစ်တွင် လျှပ်စစ်ကားများနှင့် မြို့ပြဘတ်စကား ၄၀ ရာခိုင်နှုန်းနှင့် လျှပ်စစ်မော်တော်ဆိုင်ကယ် ၇၀ ရာခိုင်နှုန်းအထိရှိရန် ခန့်မှန်းထားသည်။

**Source: Khmer Times**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/my/node/27637

## တောင်ကိုရီးယားနိုင်ငံ ငွေကြေးဈေးကွက်သည် ပုံမှန်လည်ပတ်နေသည်ဟု ဗဟိုဘဏ်ဥက္ကဋ္ဌ ပြောကြား

တောင်ကိုရီးယားနိုင်ငံ၏ သမ္မတယွန်ဆုခ်ယော်က ၃-၁၂-၂၀၂၄ ရက်နေ့ညပိုင်းတွင် စစ်အုပ်ချုပ်ရေးကြေညာခဲ့သည့် ခဏတာကာလအတွင်း နိုင်ငံရေးအခြေအနေရှုပ်ထွေးပြီးကမောက်ကမဖြစ်ခဲ့သော်လည်းလက်ရှိတွင်နိုင်ငံ၏ ငွေကြေးဈေးကွက်သည် ပုံမှန်လည်ပတ်နေသည်ဟု တောင်ကိုရီးယားနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Rhee Chang-yong က Bloomberg သတင်းဌာနသို့ ၃-၁၂-၂၀၂၄ ရက်နေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံရေးအခြေအနေကြောင့်ဈေးကွက်အပေါ်သက်ရောက်မှုများကိုလျှော့ချနိုင်ရန်တောင်ကိုရီးယားနိုင်ငံဗဟိုဘဏ်သည် နည်းလမ်းများစွာကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တောင်ကိုရီးယားနိုင်ငံတွင်ခိုင်မာသောဈေးကွက်အခြေခံအချက်အလက်များနှင့် ရင့်ကျက်သောဒီမိုကရေစီ စနစ်ရှိနေပြီဖြစ်သည့်အတွက် အကျပ်အတည်းကိုကျော်လွှားနိုင်မည်ဖြစ်ကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

၄-၁၂-၂၀၂၄ ရက်နေ့ နံနက်ပိုင်းတွင် တောင်ကိုရီးယားနိုင်ငံဗဟိုဘဏ်၏ငွေကြေးမူဝါဒဘုတ်အဖွဲ့သည်အထူးအစည်းအဝေးတစ်ရပ်ကိုကျင်းပပြီး Repurchase Agreement(တစ်စုံတစ်ဦးသည်၎င်း၏ပိုင်ဆိုင်မှုကိုအခြားတစ်ဦးသို့ရောင်းချရာတွင် "နောက်ပိုင်းရက်များတွင်ပြန်လည်ဝယ်ယူမည်ဆိုသောကတိကဝတ်ဖြင့်"သတ်မှတ်ထားသောဈေးနှုန်းတစ်ခုဖြင့်ရောင်းချခြင်း)အပါအဝင်အခြားသောနည်းလမ်းများ(ဥပမာ- ချေးငွေများအမြန်ဆုံးထုတ်ပေးခြင်း)ကိုအသုံးပြု၍ငွေကြေးဈေးကွက်နှင့် ငွေလဲနှုန်းတည်ငြိမ်စေရေးဆောင်ရွက်နိုင်မည့်နည်းလမ်းများကိုဆွေးနွေးခဲ့ကြပါကြောင်း ၊ဈေးကွက်ကိုစဉ်ဆက်မပြတ်စောင့်ကြည့်၍လိုအပ်သောစီမံဆောင်

ရွက်မှုများကိုအချိန်နှင့်တစ်ပြေးညီတို့ပြန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တောင်ကိုရီးယားနိုင်ငံဗဟိုဘဏ်ကထုတ်ပြန်ကြေညာခဲ့ပါသည်။

အခင်းဖြစ်ပွားသည့်ညက အမေရိကန်ဒေါ်လာနှင့် တောင်ကိုရီးယားဝမ်ငွေလဲနှုန်းတွင် ဝမ်ငွေတန်ဖိုးသည် နှစ်နှစ်အတွင်း အနိမ့်ဆုံးနှုန်း (တစ်ဒေါ်လာလျှင် ၁,၄၄၄ ဒသမ ၂ ဝမ်) သို့ကျဆင်းသွားခဲ့သော်လည်းစစ်အုပ်ချုပ်ရေးကို ဖယ်ရှားပြီးနောက်ပိုင်းတွင် ဝမ်ငွေတန်ဖိုး ပြန်လည်မြင့်မားလာခဲ့ကြောင်းနှင့် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ပါကြောင်း Hana Bank မှ သုတေသီ Mr. Seo Jung-hoon က ပြောကြားခဲ့ပါသည်။

စျေးကွက်အတွင်းစိုးရိမ်မှုများကိုဖြေရှင်းရန်ဘဏ္ဍာရေးအာဏာပိုင်များသည်ဝမ် ၁၀ ထရီလီယံ(အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၆ ဘီလီယံ) ကို စတော့ရှယ်ယာစျေးကွက်တည်ငြိမ်ရေး ရန်ပုံငွေအတွက် ထောက်ပံ့ပေးသွားမည်ဖြစ်သည့်အပြင် အခြားသော စီမံဆောင်ရွက်မှုများကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကော်မရှင်ဥက္ကဋ္ဌ r. Kim Byung-hwan ကလည်း ၄-၁၂-၂၀၂၄ ရက်နေ့တွင် ပြောကြားခဲ့သည်။

**Source:** **https://www.koreatimes.co.kr/www/biz/2024/12/126_387704.html**


**https://www.koreatimes.co.kr/www/biz/2024/12/126_387704.html**

**https://www.koreatimes.co.kr/www/biz/2024/12/175_387656.html**

**စီးပွားရေးသံမှူး ၊ ဆိုးလ်မြို့။**

https://myantrade.gov.mm/article/Naypyitawstp-061220240950

## STOCK EXCHANGE (6.12.2024)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

**Stock trading data**


As of 6th Dec. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,502 (Shares) | 19,591,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 687 | 5,839,500 | 33,109,694 | 281,432 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 1,268 | 4,057,600 | 38,929,150 | 124,573 |
| MCB | 00003 | 8,200 | -100 | -1.20% | 8,200 | 8,200 | 8,200 | 155 | 1,271,000 | 10,400,986 | 85,288 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 287 | 559,650 | 29,664,613 | 57,846 |
| TMH | 00005 | 3,050 | -50 | -1.61% | 3,050 | 3,050 | 3,050 | 635 | 1,936,750 | 12,823,224 | 39,111 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 1,327 | 2,269,600 | 19,977,223 | 34,960 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 0 | 0 | 10,497,598 | 49,339 |
| MAEX | 00008 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 1,143 | 3,657,600 | 23,804,946 | 76,176 |



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

**Market summary**

As of 6th Dec. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 396.95 | -0.89 | -0.22% | 396.95 | 396.95 | 396.42 | 5,502 | 19,591,700 | 8 | 748,725 |

**Index chart**

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 6th Dec, 2024

| Trading Volume | Trading Value |
|---|---|
| 5,512 (Shares) | 19,624,700 (MMK) |

## Main Board

As of 1:00 pm, 6th Dec, 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,502 (Shares) | 19,591,700 (MMK) |

| MYANPIX | 396.95 |
|---|---|
| | ▼ 0.89 |
| Total Volume (shares) | 5,502 |
| Total Value (MMK) | 20 mil |
| Listed Company | 8 |
| Market Cap. (MMK) | 748,725 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 8,200 | ▼ 100 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 3,050 | ▼ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 3,200 | ▲ 0 |

TIR